## ငြိမ်းချမ်းရေးဖြစ်စဉ် ရက်စွဲစဉ်မှတ်တမ်း

အတွဲ(၂)၊ အမှတ်(၅)၊ မတ် ၂၀၁၈

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေးလေ့လာသူများ၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှ တဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေး သတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယခု ရက်စွဲပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသုံးသပ်သူများ၏ အမြင်နှင့် အာဘော်မဟုတ်ပါ။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းနှင့် လအလိုက် သုံးသပ်ချက် အနှစ်ချုပ် မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များ ပေးပါရန်နှင့် ပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

မတ်လ ၁ရက်နေ့ မွန်းလွဲပိုင်း (၁၂)နာရီ(၃၀)မိနစ်မှ (၁၂)နာရီ(၅၅)မိနစ်အထိမန်တုံမြို့နယ်၊ မန်ပုံကျေးရွာအနီး၌ မြန်မာ့တပ်မတော်နှင့် တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

မတ်လ ၄ ရက်နေ့ မနက် ၈ နာရီခွဲခန့်တွင် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာ အနီးတွင် မွန်ပြည်သစ်ပါတီ၊ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (NMSP/MNLA) နှင့် ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNU/ KNLA) တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့သည်။ KNLA တပ်ဖွဲ့ဝင်များမှ ဒေသခံများကို ဖမ်းဆီး ခေါ်ဆောင် သွားခြင်းအပေါ် MNLA တပ်ဖွဲ့ဝင်များက **"အကျိုးအကြောင်း လိုက်လံမေးမြန်း"**ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မွန်တပ်ဖွဲ့ဝင် တဦး ဒဏ်ရာရရှိသွားကြောင်း NMSP ဗဟိုကော်မတီဝင် နိုင်အောင်မင်းမှ ပြောခဲ့သည်။ KNU ၏ အထွေထွေ အတွင်းရေးမှူး ပဒို စောတာဒိုမူး မှ ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့်ပတ်သက်၍ မြေပြင် သတင်းများ မရောက်ရှိလာသေးသဖြင့် အသေးစိတ်မသိရှိသေးကြောင်း၊ ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော နှစ်ဘက်အကြားမှ ပဋိပက္ခသည်လည်း အောက်ခြေထိတွေ့မှု အဆင့်သာဖြစ်သည်ဟု ပြောခဲ့သည်။ (Irrawaddy) (MonNew) (7Day) (Irrawaddy) (RFA) (BBC) (RFA)

မတ် ၄ရက်နေ့ နံနက်၃နာရီခန့်တွင် ကချင်ပြည်နယ်တနိုင်းဒေသ၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (Popular) (RFA) (Mizzima)

မတ်လ ၅ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ လူသောမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကရင်အမျိုး သားလွတ် မြောက်ရေးတပ်မတော် KNLA တပ်ဖွဲ့ဝင်များအကြား စစ်ရေးပဋိပက္ခများဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်၏ စစ်သားများမှ သတ်မှတ် ထားသည့်နယ်မြေကျော်လွန်ပြီး ဖားပွန်မြို့နယ်အတွင်းကရွာများဖြစ်သည့် လယ်မူပလောနှင့်ထီးချီခီးရွာ အနားထိဝင်လာသည့် အတွက် KNLA တပ်ဖွဲ့မှ ပစ်ခတ်တားဆီးခဲ့ရခြင်းဖြစ်သည်ဟု ကေအဲန်ယူတပ်မဟာ ၅ ဌာနချုပ်ရုံးမှ တာဝန်ရှိသူတဦးမှ ပြောခဲ့သည်။ (KIC) (BBC)

မတ်လ ၅ရက်နေ့ နေ့လည် ၁၁ နာရီအချိန်ခန့်တွင် နမ့်ဆန်မြို့နယ် ကြက်သေကျေးရွာတွင် တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် ရှမ်းပြည်ပြန်လည်ထူ ထောင်ရေးကောင်စီ (RCSS)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကြက်သေဒေသခံတစ်ဦးမှ **"တိုက်ပွဲကတော့ မကြာဘူး။ အဲအတွင်းမှာဘဲ ဟိုဘက်တောင်ကနေ ပစ်လာတဲ့ လက်နက်ကြီးက ရွာထဲကျသွားတယ်။ မပေါက်လို့တော်သေးတယ်။ အိမ်ကြားထဲမှာကျတော့ ပေါက်ကွဲရင် မတွေးရဲစရာပဲ။ အဲလိုတွေဖြစ်လို့ အခုထိ ရွာသားတွေ အလုပ်မသွားရဲကြသေးဘူး"**ဟုပြောခဲ့သည်။ (Marnagar)

မတ် ၆ရက်နေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်၊ မူတရော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာ အုပ်စုတစ်နေရာ၌ မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်-KNLA တို့ ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့သည်။ (KIC)

မတ်လ ၈ ရက်နေ့ နံနက်ပိုင်း ၂ နာရီလောက်တွင် မြန်မာ့တပ်မတော် တပ်မ ၅၅ မှ စစ်သားအပြည့်တင်ဆောင်လာသော စစ်ကား (၅၀)စီးဖြင့် ပြင်ဦးလွင်မှ လားရှိုးသို့ ပို့ဆောင်ခဲ့ပြီး နံနက် ၄ နာရီ ၅၀ မိနစ်မှ နံနက် ၅ နာရီ ၃၀ မိနစ် အချိန် နမ္မတူမြို့နယ် ပါင်လော (ပန်လော) ကျေးရွာ နှင့် နာဆိုင်း ကျေးရွာကြား၌ မြန်မာ့တပ်မတော် ခမရ (၃၂၄) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင် (၁၈၉) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA) (Mizzima)

မတ်လ ၁၀ ရက်နေ့ နံနက် ၆:၃၀ တွင် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA)တို့ သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲ-နမ့်ဆန်နယ်စပ် ကွန်ကော်အုပ်စု ကိုင်တိုင်ရွာ နှင့် တော့ဖေကျေးရွာကြား၌ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (Taifreedom)

မတ်လ ၁၀ ရက်နေ့တွင် နမ္မတူမြို့နယ်၌ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ရင်း ၉၁၉ နှင့် ရှမ်းပြည်တပ်မတော် (RCSS/SSA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ပွားသည့် နေရာဝန်းကျင်တွင်ရှိသော ပန်ကွတ်၊ ပန်ဆော့၊ နားတီး၊ မိုင်းပေွ စသည့် ရွာ ၆ ရွာမှ လူ ၃၀၀ ကျော်တို့သည် နမ္မတူမြို့နားတွင် ရှိသည့် မန်ဆန်ရွာ ဘုန်းကြီးကျောင်း၌ စစ်ရှောင်နေခဲ့ကြသည်။ (Marganar) (DVB) (RFA) (TNLA)

## လူ့အခွင့်အရေးချိုးဖောက်မှု

မတ်လ ၄ ရက်နေ့ မနက် ၂ နာရီခန့်တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ် တရုံကျေးရွာအတွင်းမှ တရုံကျေးရွာ ရပ်ကွက် (၁) မှ ကျောင်းဆရာတဦး အပါအဝင် အမျိုးသား ၅ ဦး၊ ရပ်ကွက် (၂) မှ ဆယ်အိမ်မှူး ၂ ဦး အပါအဝင် အမျိုးသား ၇ ဦး၊ ရပ်ကွက် (၃) မှ အမျိုးသား ၁ဦး၊ ရပ်ကွက် (၄) မှ ဆယ်အိမ်မှူး ၂ ဦး အပါအဝင် အမျိုးသား ၆ ဦး၊ ရပ်ကွက် (၅) မှ အမျိုးသား ၂ ဦးတို့အား ကချင် လွတ်မြောက် ရေး တပ်မ တော် (KIA)မှ ဖမ်းဆီးခဲ့ကြောင်း ကချင်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီး မျိုးသူရနောင်မှ ပြောခဲ့သည်။ (Irrawaddy) (Popular)

မတ်လ ၈ ရက်နေ့တွင် နမ်းခမ်းမြို့နယ် မန်စပ်ကျေးရွာသို့ လက်နက်ကြီး ၃ လုံး ကျရောက်ခဲ့ရာ ၁ လုံးမှာ ဦးအောင်ဆာတို့ လက်ဖက်ခြံထဲသို့ ကျရောက်ခဲ့ပြီး ဦးအောင်ဆာနှင့် သူ၏ ဇနီး ယာအောင်ဆာ တို့အား ထိမှန်ခဲ့သည်။ အဆိုပါ လက်နက်ကြီးသည် မြန်မာ့တပ်မတော်ဘက်မှ ကျေးရွာများသို့ မူ၍ ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ သတင်းထုတ်ပြန်ခဲ့သည်။ (Marganar) (RFA) (NMG) (TNLA) (TNLAVedio) (TNLA) (TNLAENG) (Popular) (7day)

ဇန်နဝါရီလ ၃၁ နေ့တွင် တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီးနောက် ပျောက်ဆုံးနေသော မိုင်းခေါင်စစ်ဘေး ဒုက္ခသည်စခန်းမှ ဒုက္ခသည်နှစ်ဦး(ဦးဖော်ဂန်းယော်(၆၆)နှစ်နှင့် ဦးအင်ခွမ်နော်ဆန်း(၃၀)နှစ်)တို့ အလောင်းများ မြေမြှုပ်ထားသည့် နေရာကို တစ်လကျော်အကြာ၊ မတ်လ ၈ရက်နေ့တွင် မိသားစုဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။ (KachinWaves) (NMG) (MyitKyiNaNews) (RFA) (BBC) (Frontier) (Irrawaddy)

မတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ပင်တိန်ကျေးရွာအုပ်စု လွယ်လန်းလမ်းဆုံ၌ သေနတ်ကိုင်ဆောင်ထားသူ ၂ ဦးမှ နွားများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် ပါလာသော အမျိုးသားတစ်ဦး နှင့် အမျိုးသမီးနှစ်ဦးအား ပစ်ခတ်ခဲ့ပြီး အမျိုးသား တဦး၊ အမျိုးသမီး တဦး သေဆုံးခဲ့ပြီး ကျန်အမျိုးသမီးတဦး ဒဏ်ရာရရှိခဲ့ကြောင်း နောင်ပိန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် ကျော်စွာဝင်းမှ ပြောခဲ့သည်။ (RFA)

## စစ်ဘေးရှောင်

မြန်မာ့တပ်မတော် နှင့် ရက္ခိုင့်တပ်မတော်တို့အကြား တိုက်ပွဲများကြောင့် မီဇိုရမ်ပြည်နယ် လောင်တလိုင်မြို့နယ်သို့ ထွက်ပြေးခဲ့ကြရသည့် စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူ ရာကျော်တို့အား ဆရာ၊ ဆရာမများမှ စာမေးပွဲ ဖြေဆိုရန် ခေါ်သော်လည်း လုံခြုံရေး အပြည့်အဝ မရှိသေးသောကြောင့် Hmawng buchhuah ကျေးရွာ ဒုက္ခသည်စခန်းတွင်သာ နေထိုင်ရကြောင်း ဦးမောင်သန်းထွေးမှပြောခဲ့သည်။ (KhonumthungNew)

မတ်လ ၅ရက်နေ့ နေ့လည် ၁၁ နာရီအချိန်ခန့်တွင် နမ့်ဆန်မြို့နယ် ကြက်သေကျေးရွာ၌ တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် ရှမ်းပြည်ပြန်လည်ထူ ထောင်ရေးကောင်စီ (RCSS)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ဘေးဒဏ်ခံနေရသော ကြက်သေဒေသခံတစ်ဦးမှ **"တိုက်ပွဲကတော့ မကြာဘူး။ အဲအတွင်းမှာဘဲ ဟိုဘက်တောင်ကနေ ပစ်လာတဲ့ လက်နက်ကြီးက ရွာထဲကျသွားတယ်။ မပေါက်လို့တော်သေးတယ်။ အိမ်ကြားထဲမှာကျတော့ ပေါက်ကွဲရင် မတွေးရဲစရာပဲ။ အဲလိုတွေဖြစ်လို့ အခုထိ ရွာသားတွေ အလုပ်မသွားရဲကြသေးဘူး"**ဟုပြောခဲ့သည်။ (Marnagar)

မတ် ၆ရက်နေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်၊ မူတရော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာ အုပ်စုတစ်နေရာ၌ မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်-KNLA တို့ ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့သောကြောင့် အဆိုပါကျေးရွာမှ ရာနှင့်ချီသော ဒေသခံလူထုများ ထွက်ပြေး တိမ်းရှောင်နေရကြောင်း မူတရော်ခရိုင် အမြဲတမ်းကော်မတီဝင်တစ်ဦးဖြစ်သူ ပဒိုစောဝေါ်မှ ပြောခဲ့သည်။ **"စစ်တပ်က ရွာကို ဝိုင်းထားလိုက်တယ်။ သေနတ် လိုက်လံပစ်ခတ်တော့ ရွာသားတွေက အသက်ဘေးလွတ်မြောက်ရာကို ထွက်ပြေးကြတယ်။ လောလောဆယ်က စစ်တပ်က ရွာမှာစခန်းချထားပြီးတော့ ကားလမ်းကို ဆက်ဖောက်မယ်။ သူတို့ကို လာပြီး အနှောက်အယှက်မပေးဖို့ ကရင်စစ်သားတွေကို အသိပေးထား တယ်"**ဟု အမည်မဖော်လိုသူ ဒေသခံကျောင်းဆရာတစ်ဦးမှ ပြောခဲ့သည်။ (KIC)

မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ စစ်ရှောင်စခန်းများအတွက် ASEAN+3 မှ ဆန်အိတ်များ လှူဒါန်းပေးအပ်ပွဲ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်း မောင်မောင်မှ  မိုးမောက်မြို့နယ် အတွင်းရှိ နစ်ခြင်းသာသနာဝင်းနေ အိမ်ထောင်စုဝင်(၃၈၇)စု၊ ကက်သလစ် သာသနာ ဝင်းနေ အိမ်ထောင်စုဝင်(၂၇၈)စု၊ မန္တလေး ဘုန်းတော်ကြီး ကျောင်းနေ အိမ်ထောင်စုဝင် (၅)စု စုစုပေါင်း စစ်ရှောင် မိသားစု အိမ်ထောင်စုဝင် (၆၇၀)စုနှင့် လွယ်ဂျယ်မြို့ စစ်ရှောင်စခန်း (၅)ခုမှ အိမ်ထောင်စုဝင်(၄၁၃)စု စုစုပေါင်းအိမ်ထောင်စုဝင် (၁၀၈၃)စုအတွက် တစ်အိမ်ထောင်စုလျှင် ဆန် တစ်အိတ်နှုန်းဖြင့် ASEAN+3 မှ ဆန်အိတ်များ လှူဒါန်းပေးအပ်ခဲ့သည်။ ဆန်အိတ်များကို တက်ရောက်လာကြသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းနှင့် ဌာနဆိုင်ရာများမှ ပေးအပ်ကြရာ စစ်ရှောင်စခန်း တာဝန်ခံများမှ လက်ခံရယူကြပြီး နစ်ခြင်းသာသနာဝင်းရှိ စစ်ရှောင်စခန်းတာဝန်ခံ ဘုန်းတော်ကြီး ဦးဆိုင်းအောင်မှ ကျေးဇူးတင် စကား ပြန်လည်ပြောကြားခဲ့ပြီး စစ်ရှောင်စခန်း တာဝန်ခံက စစ်ရှောင် မိသားစုဝင်များကို တစ်အိမ်ထောင်စု လျှင် တစ်အိတ်စီ ဖြန့်ဝေ ပေးခဲ့သည်။ (MOI)

မတ်လ ၁၀ ရက်နေ့တွင် နမ္မတူမြို့နယ်မှာ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (တီအန်အယ်လ်အေ) တပ်ရင်း ၉၁၉ နဲ့ ရှမ်းပြည်တပ်မတော် (အာစီအက်စ်အက်စ်/အက်စ်အက်စ်အေ) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာဝန်းကျင်မှာရှိသော ပန်ကွတ်၊ ပန်ဆော့၊ နားတီး၊ မိုင်းဖေ့ စသည့် ရွာ ၆ ရွာမှ  လူ ၃၀၀ ကျော်တို့သည် နမ္မတူမြို့နားတွင်  ရှိသည့် မန်ဆန်ရွာ ဘုန်းကြီးကျောင်း၌ စစ်ရှောင်နေခဲ့ကြသည်။  (Marganar) (DVB) (RFA) (TNLA)

## မြေမြှုပ်မိုင်း

မတ်လ ၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် နမ္မတူမြို့နယ် ညောင်ပန်လကျေးရွာဒေသခံ တစ်ဦးဖြစ်သူ ဦးအိုက်ပွင့်ဆိုသူသည်မီးသွေး ဖိုသို့သွားစဉ် ဒေသအခေါ် ကောင်မိုက်လီဟော်နေရာ၌ မိုင်းနင်းမိကာ သေဆုံးခဲ့ကြောင်း ချောင်းဆာကျေးရွာ အုပ်စုတာဝန်ရှိသူတစ်ဦးမှ ပြောခဲ့သည်။ (Marnagar) (Popular)

မတ်လ ၆ ရက်နေ့ နံနက်ပိုင်း ၇ နာရီခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့ရပ်ကွက် ၂ ရဲစခန်းအနောက်ဘက်ရှိ သုသာန်ဟောင်းတွင် ဗုံးတလုံးပေါက်ကွဲခဲ့သည်ဟု ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ပြည်နယ်တာဝန်မှူးရုံး တာဝန်ကျရဲအရာရှိမှပြောခဲ့သည်။ (ShanNews) (Popular)`

မတ်လ ၉ ရက်နေ့တွင် The Diplomat စာစောင်မှ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းလုပ်ငန်းစဉ်များ ရှေ့ဆက်နေသော်လည်း မိုင်းမကင်းစင်သေးဘဲ မြေမြှုပ်မိုင်းဒဏ်ကြောင့် အရပ်သားများသာ ထိခိုက်နေရသည်ဟု ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် တိုင်းနှင့် ပြည်နယ် ၁၄ ခုရှိသည့်အနက် ၉ နေရာ တွင် မြေမြှုပ်မိုင်းရှိပါသည် ဟုလည်း ဖော်ပြခဲ့သည်။ (RFA)

ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မိုင်ခွန်ကျေးရွာနေ ဦးမောင်လေး(ဘ) ဦးစိန်သောင်းနှင့် ဦးရဲရင့်(ဘ)ဦးထွန်းဦး တို့သည် မတ် ၁၀ ရက် နံနက်ပိုင်းတွင် မိုင်ခွန်ကျေးရွာအနီးရှိ တောအတွင်းဂါးခုတ်ရန် သွားရောက်စဉ် မိုင်ခွန် ကျေးရွာ၏တောင်ဘက် ၂ မိုင်ခန့်အကွာသို့ အရောက်၌ တိုက်မိုင်းတစ်လုံးအား ဦးမောင်လေးက တိုက်မိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး တနိုင်းမြို့ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေခဲ့သည်။ (Military)

မတ်လ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်း ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ အလယ်တောရွာအတွင်းရှိ ဖူးပွင့်ဝေဆာ ဘောဒါဆောင်၌ မိုင်းတလုံးပေါက်ကွဲသဖြင့် ထီးချိုင့် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ စစ်ရေးရာ နောက်ထပ် ထပ်မံ ထောင်ထားသည့် မိုင် ၆ လုံးအား တွေ့ရှိခဲ့၍ သိမ်းဆည်းခဲ့သည်။ (Popular)

## တွေ့ဆုံဆွေးနွေးမှု

မတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ NRPC ၌ ပြုလုပ်ခဲ့သော အစိုးရငြိမ်းချမ်းရေး ကော်မတီရှင် (PC) နှင့် KNPP တို့ ပထမအကြိမ် အလွတ်သဘော တွေ့ဆုံခဲ့ပြီး ပါရမီဟိုတယ်၌ KNPP ဒုဥက္ကဋ္ဌ ခူဦးရယ်မှ သတင်းမီဒီယာများအား တွေ့ဆုံစဉ် **"မေလတွင် ပြုလုပ်ရန် လျာထားထားသည့် ၂၁-ပင်လုံ တတိယအစည်းအဝေး မတိုင်ခင်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် အစိုးရ လွိုင်ကော်မြို့တွင် တရားဝင် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ပါက ယင်းဆွေးနွေးပွဲမှ တစ်ဆင့် NCA တွင် လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ထားသည်"** ဟု ပြောခဲ့သည်။ (TheLadies) (Mizzima) (BBC) (Irrawaddy) (7day) (NMG)

မွန်လူမျိုးအလိုက် အမျိုးသာအဆင့် ဆွေးနွေးပွဲအား မွန်ပြည်နယ် ရေးမြို့၌ ဧပြီလ ၆ ရက်နေ့မှ ၉ ရက်နေ့ အထိ ၄ ရက်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးမှ ပြောခဲ့သည်။ (Irrawaddy)

## အစည်းအဝေးများ

- **UNFC**
  - Briefing Paper: The UNFC’s Continuing Role to Seek the Federal Union (UNFC)
- **JMC**
  - **NCA-EAO (JMC)**

    မတ်လ (၃) ရက်နေ့တွင် ရန်ကုန်မြို့ ဂရင်းဟေးလ်ဟိုတယ် (Green Hill Hotel) ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (၁၈) ကြိမ်မြောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကိုပြုလုပ်ခဲ့သည်။ အစည်းအဝေးကို NCA-S EAO JMC အဖွဲ့ခေါင်းဆောင် ပဒိုစောဆဲဂေ (KNU) မှ ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးတွင် NCA-S EAO JMC အတွင်း တွေ့ကြုံနေရသော အခြေအနေများအပေါ် အပြန်အလှန် သုံးသပ်ဆွေးနွေးခြင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) ၊ ဒီမိုကရက်တစ် ကရင်အကျိုး ပြုတပ်မတော် (DKBA) တို့၏ JMC ဆိုင်ရာ ဆွေးနွေးမှုများမှ ရရှိသည့် အချက်များအား တင်ပြဆွေးနွေးခြင်း ၊ ပြည်ထောင်စုအဆင့် ပြည်နယ်အဆင့် နှင့် ဒေသအဆင့် JMC များဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဆွေးနွေးသွားခဲ့သည်။ (TaiFreedom)
  - **အရပ်သား (JMC)**

    မတ်လ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံညီ တွေ့ဆုံပွဲကို ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် JMC အသီးသီးမှ အရပ်သားကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကြုံတွေ့ရသော အခက်အခဲ၊ စိန်ခေါ်မှုများနှင့် အားသာချက်၊ အားနည်းချက်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။ (JCM)
- **EAO**

- မတ်လ ၁၂ ရက်နေ့တွင် မွန်အမျိုးသားကိုယ်စားပြုပါတီပေါ်ထွန်းရေး ကော်မရှင် (၂၁)ဦးနှင့် မွန်ပြည်သစ်ပါတီ(NMSP) ပထမအကြိမ် တွေ့ဆုံ၍ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တို့ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများကို ဖြေရှင်းရန်အတွက် မတ်လ ၁၃ ရက်နေ့တွင် ဘုရားသုံးဆူတွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် နိုင်ဝန်းလှမှ ပြောခဲ့သည်။

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

မတ် ၃ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးအခြေအနေနှင့် ပတ်သတ်၍ ဒီဘိတ်တစ်ခုအား ဒီဗွီဘီမှ ဦးစီး ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များဖြစ်သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဦးဆောင် နာယက ခွန်ဥက္ကာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ဒုတိယ ဥက္ကဌရဲဘော်မျိုးဝင်းတို့အပြင် ဝါရင့်နိုင်ငံရေး လေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်တို့ ပါဝင်ဆွေးနွေးခဲ့သည်။ (MM Times)

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲအား မွန်ပြည်နယ် ရေးမြို့၌ ဧပြီလ ၆ ရက်နေ့မှ ၉ ရက်နေ့ အထိ ၄ ရက်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးမှ ပြောခဲ့သည်။ (Irrawaddy) (MonNews)

## သဘောထားထုတ်ပြန်ချက်

မတ်လ ၁ရက်နေ့တွင် ဟိုပုံးမြို့နယ်မှ ရွာသားလယ်သမားများအား အစိုးရစစ်တပ်က ဖမ်းဆီးတရားစွဲဆိုကာ ထောင်ဒဏ် ၁၀ နှစ်အထိ မတရား အပြစ်ပေးစီရင်ချက်ချမှတ်ခဲ့မှုကို သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ကန့်ကွက်ကြောင်းကြေငြာချက်တစောင် ထုတ်ပြန် ကြေညာခဲ့သည်။ (TaiFreedom)

မတ်လ ၁ ရက်နေ့ တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် ပအိုဝ်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင်နိုင်ငံတော်၏ အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ ပအိုဝ်းတိုင်းရင်းသားများ ဆက်လက် ပါဝင်ကြိုးပမ်းပေးရန် တိုက်တွန်းပြောဆိုခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့်အတွက်လည်း ဒေါ်အောင်ဆန်းစုကြည်မှ အသိအမှတ်ပြုကြောင်း ပေးပို့ခဲ့သည်။ (Mizzima) (SC Office) (7Day)

မတ်လ ၆ ရက်နေ့ ညတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စများနှင့် ပတ်သက်ပြီး အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအား တာဝန်မှ ရပ်နားခဲ့သည်ဟု တပ်မတော်မှသတင်းထုတ်ပြန်ခဲ့သည်။ **"ဖြစ်ပွားခဲ့သည့် အခြေအနေများနှင့် ပတ်သက်၍ ၎င်း၏ လုပ်ဆောင်ချက်များတွင် အားနည်းချက်များရှိနေသဖြင့် တာဝန် ဆက်လက် ထမ်းဆောင်ခွင့်ကိုရပ်နားခဲ့ပါသည်"** ဟုဖော်ပြထားပြီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်မှ ရပ်နားခံခဲ့ရသော်လည်း တိုင်းမှူးအား တပ်မတော်မှ ရပ်နားခြင်းမဟုတ်ကြောင်း ၊ တိုင်းမှူးတာဝန်မှသာ ရပ်နားခြင်းဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန် ကြားရေးမှ ဗိုလ်ချုပ် ထွန်းထွန်းညီကပြောခဲ့သည်။ (Mizzima)

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ဗြိတိန်အမတ်များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်သတ်၍ မတ်လ ၆ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သဘောထား ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (7day) (Military)

မတ်လ (၇) ရက်နေ့ ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံး၌ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မီတီနှင့် အစိုးရငြိမ်းချမ်းရေးကော်မရှင် (PC) တို့၏ အလွတ်သဘော ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲအား မတ်လ ၇ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ (KNPP) (Statement) (Statement) (UNFC) (PeaceCommission)

မြန်မာ့တပ်မတော်ဘက်မှ ခေးပူနှင့် လယ်မူ ပလောကြား ကားလမ်းဟောင်းကို ပြန်လည်ဖောက်လုပ်ခြင်းနှင့်အတူ လုံခြုံရေး တပ်အင်အား တိုးချဲ့ချထားမှုကြောင့် တိုက်ပွဲများဖြစ်ပွားနိုင်သဖြင့် ဒေသခံရွာသားများအတွက် လုံခြုံရေးစိုးရိမ်မှုများဖြစ်ပေါ်နေပြီး ယင်းလုပ်ရပ်များသည် NCA ပါ အချက်များကိုပါ ချိုးဖောက်နေခြင်းကြောင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅)က ငြိမ်းချမ်းရေးဖော် ဆောင်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)သို့ မတ်လ ၈ရက် နေ့စွဲဖြင့် ကန့်ကွက်စာပေးပို့ခဲ့သည်။ (KIC) (KIC) (BBC)

နယ်သာလန် သံအမတ် Wouter Jurgens မှ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး ဆုံးရှုံးနေသူများအတွက် ဦးဆောင်ပေးရန် နိုင်ငံတကာ အမျိုးသမီးများနေ့ဖြစ်သော မတ်လ ၈ ရက်နေ့ ရက်စွဲဖြင့် အိတ်ဖွင့်စာပေးခဲ့သည်။ (Mizzima)

ဖာပွန်ခရိုင်၊ လူသောမြို့နယ်အတွင်း မတ်လ ၅ ရက်နေ့က စတင်ဖြစ်ပွားခဲ့သည့် အစိုးရတပ်မတော်နှင့် နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA တပ်ဖွဲ့ဝင်များ အကြား စစ်ရေး ပဋိပက္ခအပေါ် စိုးရိမ်ကြောင်း ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်-KPSN က မတ် ၉ ရက်တွင် သဘောထားတစ်စောင်ထုတ်ပြန်ခဲ့သည်။ (KIC) (KIC) (BBC)

သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် (SSPP/SSA) ၏ ဒုဥက္ကဋ္ဌ-၁ စဝ်ခေးတိုင်းမှ SSPP/SSA ကိုယ်စား နောင်လာမည့် ၄ နှစ်ကာလ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး ယွက်ဆစ်အား ပြန်လည်ရွေးကောက်တင်မြောက်သည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဒုဥက္ကဋ္ဌ-၁ ဒုဗိုလ်ချုပ်ကြီး စိုင်းယီထံ သဝဏ်လွှာရေးသား ပေးပို့ခဲ့သည်။ (Taifreedom)

## သဘောထားမှတ်ချက်

မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ M3 Food Center မှာ ပြုလုပ်သည့် ကမာဝက်မြို့အသင်း(ရန်ကုန်) ၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် မွန်ပြည်သူလူထုတစ်ရပ်လုံးအနေနှင့် ငြိမ်းချမ်းရေး တည်ဆောက်နေသည့် ကာလအတွင်း ပါဝင်ကူညီ အားပေးကြပါရန် မွန်ပြည်သစ်ပါတီရဲ့ဥက္ကဋ္ဌ နိုင်ထောမွန်မှ တိုက်တွန်းပြောဆိုခဲ့သည်။ (Mizzima)

မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးသည် ဗြိတိသျှလွှတ်တော်အမတ်များအား ပြည်ဝင်ခွင့်မပေးခြင်းမှာ ရခိုင်ပြည်နယ် အရေးအား ပိုမိုရှုတ်ထွေးအောင် ရည်ရွယ်ချက်ရှိနေ၍ ဖြစ်ကြောင်း ပြောခဲ့သည်။ (MM Times)

မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ **"ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ရခိုင်ပြည်နယ်မောင်တောမြို့နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့သည့် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း(ခ)ဇော်ကိရ်အာမက်သည် ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့ကို ၂၀၁၆ ခုနှစ်အတွင်းက ငွေကြေးထောက်ပံ့ခဲ့ကြောင်း ဖမ်းဆီးရမိသော အကြမ်းဖက်သမားများက ထွက်ဆိုသဖြင့် ဖမ်းဆီးလိုက်ကြောင်း"** ပြောခဲ့သည်။ (mmtime)

တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)လက် မှတ်ထိုးထားသည့် လားဟူဒီမိုက ရက်တစ်အစည်းအရုံး (LDU)သည် ဖေဖော်ဝါရီ... 

မတ်လ ၃ ရက်နေ့တွင် ဒေါက်တာ နန္ဒလှမြင့်မှ **"ARSA အဖွဲ့ကို ကူညီထောက်ပံ့မှုနှင့် ဖမ်းဆီးခံထားရတဲ့ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ဇော် ဝင်းသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမကျင်းပခင်ကပင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ မှ နုတ်ထွက်ထားသူဖြစ်တာကြောင့် ပါတီနှင့်ပတ်သက်မှု မရှိတော့ကြောင်း"** ပြောခဲ့သည်။ (RFA)

မတ်လ ၄ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်နယ်မြေများအတွင်း အစိုးရ တပ်မတော်စစ်ကြောင်းများ ပြန်ရုပ်သိမ်းခြင်းမရှိသည့်အတွက် ညှိနှိုင်းမှုတွေ ဆက်ရှိမှာမဟုတ်ဘဲ တိုက်ပွဲတွေပြန်လည်ဖြစ်ပွားနိုင်သည်ဟု KIA ၏ ပြန်ကြားရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နော်ဘူ မှ ပြောခဲ့သည်။ (Mizzima) (RFA)

ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC)မှ အဖွဲ့ဝင်အဖြစ် ယာယီ ရပ်ဆိုင်းထားသော ချင်းအမျိုးသား တပ်ဦး (CNF)ကို အဖွဲ့ဝင်အဖြစ် ပြန်လည် လက်ခံရန် ပြင်ဆင်နေသော်လည်း မိမိတို့အဖွဲ့တွင်း မဆုံးဖြတ်ရသေးကြောင်း CNF မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ရွှေခါးရ်မှ ပြောခဲ့သည်။ (Irrawaddy)

မတ် ၅ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း လွှတ်တော်ရုံးအစည်း အဝေးခန်းမ(Meeting Hall))၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အကြား တိကျသည့် နယ်မြေပိုင်းခြား သတ်မှတ်မှုမရှိသဖြင့် နယ်ကျော်သည်ဟုဆိုကာ ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများ ဖြစ်ပေါ်နေသည့်အတွက် ပဲခူးတိုင်း အရှေ့ခြမ်း စစ်တောင်းမြစ်အရှေ့ဘက် မြို့နယ်အသီးသီး တွင်နေ ထိုင်ကြသည့် ဒေသခံပြည်သူများတွင် လုံခြုံမှုမရှိနေထိုင်နေရကြောင်း စစ်တောင်းသံစဉ်လူမှုကွန်ရက်မှ ပဲခူးတိုင်း လွှတ် တော်ကော်မတီအစည်းအဝေးနှင့် တွေ့ဆုံစဉ် ရွှေကျင်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှပြောခဲ့သည်။

(MMTime)

မြန်မာတပ်မတော်နှင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သော ကရင်ပြည်နယ် ဖာပွန် ခရိုင်ရှိ ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ တပ်မဟာ (၅) ထိန်းချုပ်နယ်မြေအတွင်း တပ်မတော်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တို့ ကြားစစ်ရေး သတိရှိရန် တပ်လှန့်ထားကြောင်း တပ်မဟာ (၅) ဌာနချုပ်ရုံး ရုံးထိုင်မှူး စောအဲကလယ် မှပြောခဲ့သည်။ (irrawaddy)

၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ်တွင်ပါဝင်နိုင်ရေးအတွက် သျှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မေလမတိုင်ခင် ကျင်းပနိုင်ရန်စီစဉ်နေကြောင်း RCSS/SSA အတွင်းရေးမှူး ၃ ဗိုလ်မှူးကြီးစိုင်းငင်းမှပြောခဲ့သည်။ **"သျှမ်းအမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲကျင်းပနိုင်ဖို့က စစ်တပ်ကိုရော၊ အစိုးရဘက်ကိုရောဆွေးနွေးမယ်။ တဖက်ကလည်း RCSS အနေနဲ့ ပါတီကိုရော တခြားအဖွဲ့အစည်းတွေ၊လူမှုအဖွဲ့အစည်းတွေနဲ့ဆွေးနွေးမယ်။ အဆင်ပြေလွယ်ကူအောင် ဘယ်လိုလုပ် ဆောင်သွားမလဲ ၊ အလုပ်ဖြစ်အောင်ဘယ်လိုလုပ်မလဲ ဆိုတာပေါ့။ အစီအစဉ်ထပ်ချဦးမယ်။ ရှိတဲ့အချိန် ၂ လအတွင်းမှာအထမြောက်အောင်မြင်အောင် လုပ်ဆောင်ရမှာဖြစ်တယ် "**- ဟုပြောခဲ့သည်။ (ShanNews)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်တွေ ၃ ဦး အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်ပြီး တပ်မတော်က စုံစမ်း စစ်ဆေးရေး ဆောင်ရွက်နေသည့်အပိုင်းမှာ ပြည်နယ်အစိုးရမှတဆင့် (KNPP) အနေဖြင့် ထွက်ဆိုချက်ပေးသွားမည်ဟု KNPP ရဲ့ ဗဟိုကော်မတီဝင် ခူထဲဘူးက ပြောခဲ့သည်။ (RFA)

မတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ရှိ NRPC ၌ ပြုလုပ်ခဲ့သော အစိုးရငြိမ်းချမ်းရေး ကော်မတီရှင် (PC) နှင့် KNPP တို့ ပထမအကြိမ် အလွတ်သဘော တွေ့ဆုံခဲ့ပြီး ပါရမီဟိုတယ်၌ KNPP ဒုဥက္ကဋ္ဌ ခူဦးရယ်မှ သတင်းမီဒီယာများအား တွေ့ဆုံစဉ် **"မေလတွင် ပြုလုပ်ရန် လျာထားထားသည့် ၂၁-ပင်လုံ တတိယအစည်းအဝေး မတိုင်ခင်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် အစိုးရ လွိုင်ကော်မြို့တွင် တရားဝင် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ပါက ယင်းဆွေးနွေးပွဲမှ တစ်ဆင့် NCA တွင် လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ထားသည်"** ဟု ပြောခဲ့သည်။ (TheLadies) (Mizzima) (BBC) (Irrawaddy) (7day) (NMG)

ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁-ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေး မတိုင်ခင်တွင် ပြုလုပ်ရန် ရည်မှန်းထားပြီး ပြုလုပ်နိုင်ရန်အတွက်လည်း အစိုးရ၊ တပ်မတော်တို့နှင့် ညှိနှိုင်းမှုများ ပြုလုပ်နေပြီး ညှိနှိုင်းဆွေးနွေးမှု အပိုင်းအနည်းသာ ကျန်ရှိတော့သည်ဟု ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ RCSS မှ ဗိုလ်မှူးကြီးစိုင်းငင်းက ပြောခဲ့သည်။ (TheLadies)

ကရင်ပြည်နယ် ဖာပွန်ခရိုင်တောင်ပိုင်းက ကရင်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ ၅ နယ်မြေအတွင်း တပ်မတော်က ဝင်ရောက်တပ်စွဲနေခြင်းသည် NCA အပစ်ရပ်စာချုပ်နှင့် နှစ်ဖက်သဘောတူညီချက် စာချုပ်ပါ စည်းကမ်းချက်များကို ကျော်လွန်လုပ်ဆောင်ရာရောက်သည် ဟု KNU တွဲဘက်အထွေထွေ အတွင်းရေးမှူး ၂ ပဒိုစောလှထွန်းက မတ်လ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ (RFA)

## တိုင်းရင်းသားပါတီများ

မွန်ကိုယ်စားပြုပါတီအကောင်အထည်ဖော်ရေး၂၁ ဦးအဖွဲ့အား မွန်အမျိုးသားပါတီ MNP နှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP တို့ လက်ခံတွေ့ဆုံဆွေးနွေးရန် အလားအလာမရှိကြောင်း သက်ဆိုင်ရာပါတီများထံမှ တာဝန်ရှိသူများက ပြောခဲ့သည်။ AMDP တွဲဘက်အတွင်းရေးမှူး(၁) မင်းစံတင်မှ **"သူတို့(၂၁ ဦးအဖွဲ့) ပေးပို့စာနဲ့ပတ်သက်ပြီး မစဉ်းစားသေးဘူး သဘောမျိုးပေါ့၊ လက်ခံတာ လည်းမဟုတ် လက်မခံတာလည်းမဟုတ် ခဏလေးဆိုင်းငံ့ထားတာပါ"** ဟု ပြောခဲ့သည်။ (MonNews)

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ(PSDP)၊ ကရင်ဒီမိုကရက် တစ်ပါတီ(KDP)၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP)၊ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ တို့ပူးပေါင်းဖွဲ့စည်းထားသည့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party-KNDP)သည် မတ်လ ၁၂ ရက်နေ့တွင် ဗဟိုကော်မတီ ရွေးချယ်ပွဲ ပြုလုပ်ခဲ့ပြီး ပါတီဥက္ကဋ္ဌအဖြစ် မန်းအောင်ပြည်စိုး(ယခင် PSDP ဒုဥက္ကဋ္ဌ)၊ ဒုဥက္ကဋ္ဌ (၁)အဖြစ် စောမြတ်ထွဋ်ဝင်း(ယခင် KSDDP)၊ ဒုဥက္ကဋ္ဌ(၂) စောထင်ကြေး(ယခင် PSDP)၊ အထွေထွေအတွင်းရေးမှူး စောချစ်သန်း(ယခင် KSDDP)၊ တွဲဘက်အတွင်းရေးမှူး(၁) စောမြင့်ထွေး (ယခင် KDP)၊ တွဲဘက်အတွင်းရေးမှူး(၂) နော်သဇင်တုပ် (ယခင် PSDP) တို့မှ အသီးသီးရွေးချယ်ခံခဲ့ရသည်။ (KIC) (RFA)

## ထူးခြားဖြစ်စဉ်

မတ်လ ၂ ရက်နေ့တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများ ဆွေးနွေးမှုအပြီးတွင် အရှေ့တောင်ဘက်တွင်ရှိသည့် Bandarban ခရိုင် Tambru နယ်စပ်တွင်ချထားသည့် လက်နက်ကြီးတွေကို မြန်မာနိုင်ငံမှ ပြန်ရုပ်သိမ်းသွားပြီဟု ပြည်ထဲရေးဝန်ကြီး Khan Kamal မှ ပြောကြားခဲ့သည်။ သတင်းများရရှိသည့်အတွက် တပ်ဖွဲ့ဝင်နှင့် အမြောက်တွေ နယ်စပ်မှာချထားခြင်းဖြစ်သည်ဟု မြန်မာ အာဏာပိုင်တွေမှ ပြောကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးမှ ပြောခဲ့သည်။ (RFA)

မတ်လ ၄ ရက်နေ့တွင် ဝ ဒေသ မိုင်းမော ခရိုင်အတွင်း လူသတ်ပြီး ကားလုယက်မှု ကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား ၁ ဦးနှင့်တရုတ် နိုင်ငံသား ၁ ဦးတို့ကို ဝ ဒေသကို အုပ်ချုပ်နေသည့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့မှ သေဒဏ်အပြစ်ပေးလိုက်သည်ဟု လားရှိုးမြို့ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ဦးညီရန်းမှပြောခဲ့သည်။ (BBC) (7Day)

မတ်လ ၅ ရက်နေ့ ည ၈:၃၀ အချိန်တွင် တောင်ကြီးမြို့၌ သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၏ ဗဟို အကြံပေးပုဂ္ဂိုလ် စဝ်ယွန်းပိုင် အသက် ၇၁ နှစ်သည် နလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ **"ကျုပ်တို့ ပါတီအတွက်တော့ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုပဲ ။ ကျမ လွှတ်တော်ကိုယ်စားလှယ်ဖြစ်အောင် သူပဲ တိုက်တွန်းတာလေ။ မနေ့ နေ့လည် ၁၁ နာရီလောက်က သူ နဲ့ ဖုန်းပြောဖြစ်သေးတယ် ။ ကျုပ်တို့ ပါတီတွင်း ရှေ့ဆက်လုပ်ဆောင်သွားမယ့် အလုပ်တွေ သူ အကြံဉာဏ်ပေးခဲ့တယ်။ သူက ကျုပ်တို့ ပါတီအတွက် များစွာအကြံပေးနိုင်ခဲ့တယ် "** ဟုကျားဖြူပါတီ အမှုဆောင်အဖွဲ့ဝင် နန်းဝါနုမှပြောခဲ့သည်။ (ShanNews) (TaiFreedom)

မတ်လ ၅ ရက်နေ့ မနက်ပိုင်း ၁၀ နာရီခွဲတွင် သျှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံမြို့ အချုပ်ခန်းတွင် ၇ လကြာဖမ်း ဆီးချုပ်နှောင် ထားခြင်း ခံရသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ သျှမ်းပြည်တပ်မတော် RCSS/SSA ၏ တပ်သား ၂ ဦးဖြစ်သည့် စိုင်းလုံနှင့် စိုင်းဆေလုံတို့အား အာမခံဖြင့် တရားရုံးမှ ပြန်လည်လွှတ်ပေးခဲ့သည်။ (ShanNews)

မတ်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေနှင့် တရားစွဲဆိုခံထားရသည့် ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးယုနိုင်က တရားလိုပြုလုပ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ၈ ကြိမ်မြောက် ရုံးထုတ်ခဲ့သည်။ (DVB) (TheLadies) (Irrawaddy) (7day) (Eleven) (MOI)

ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ ကမ္ဘာ့ကျော် Holocaust အမှတ်တရပြတိုက်က ချီးမြှင့်ထားသည့် Elie Wiesel အယ်လီဝီဆဲလ် လူ့အခွင့်အရေးဆုအား ပြန်လည်ရုပ်သိမ်းကြောင်း ပြတိုက်မှ မတ်လ ၇ ရက်နေ့ က တရားဝင် ကြေညာခဲ့သည်။ (DVB) (VOA) (Mizzima) (RFA) (Irrawaddy)

မတ်လ ၇ ရက်နေ့တွင် နိုင်ငံတော် ပုန်ကန်မှု အပါအဝင် အမှု သုံးခုနှင့် တရားစွဲဆိုခံထားရသည့် ဒေါက်တာ အေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို စစ်တွေခရိုင် တရားရုံး၌ လေးကြိမ်မြောက်ရုံးထုတ်ခဲ့သည်။ (BBC)

မတ် ၇ ရက် နံနက်၁ဝနာရီခန့်တွင် ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊မဲစယ့် မြို့နယ်ခန်းမ၌ (၃၆)ကြိမ်မြောက်မြန်မာ-ထိုင်းမြို့နယ် အဆင့်နယ်ခြားကော်မတီ အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ (MOI)

မွန်ပြည်သစ်ပါတီ (NMSP) တပ်စခန်း ဧရိယာမှာ ပြုလုပ်မည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (အန်စီအေ) ရှင်းလင်းပွဲ ပြုလုပ်မည့် အစီအစဉ်အား အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကနေပြီး NMSP တာဝန်ရှိသူများထံ မတ်လ ၈ ရက်တွင် အကြောင်းကြားတားမြစ်ခဲ့သဖြင့် ရှင်းလင်းပွဲပြုလုပ်မည့် အစီအစဉ်များ ရပ်ဆိုင်းထားသည်ဟု မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာတာဝန်ခံ နိုင်ဝင်းလှက ပြောခဲ့သည်။ (DVB) (MonNews) (BBC) (RFA)

မတ်လ ၉ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်ဒရိုဘင် ခရိုင်၊ လမား/ အလယ်ခေါင်တောင် ဒေသ ဘိုရိုဘောတီကျေးရွာမှ မြို၊တိုင်းရင်းသား မိသားစု ၁၁ စု၊ လူဦးရေ ၆၃ သည် မောင်တောမြို့နယ် သုပဏ္ဏက မြို့ရွာသို့ လည်းကောင်း၊ ဘင်ဒရိုဘင်ခရိုင် တန်းဆိပ်မြို့နယ်နှင့် လမားမြို့နယ် မှ အိမ်ထောင်စု ၃၀ စု လူဦးရေ ၁၅၅ ဦးသည် မောင်တောမြို့နယ် သစ်တုံးနား ခွဆုံကျေးရွာသို့ လည်းကောင်း ခိုလှုံ ရောက်ရှိလာကြောင်း ဒေသအတွင်းက လူမှုရေး လုပ်ငန်းများ ဆောင်ရွက်နေသူ ကိုကျော်ဂင်းက ပြောခဲ့သည်။ (Narinjara)

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတုန်ရပ်ကွက်ရှိ လောင်းကစားရုံး လုံခြုံရေး ပြည်သူ့စစ်နှင့် သေနတ်ကိုင်ဆောင်သူ တရားခံတို့ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာမှ ပြည်သူ့စစ် ၁ ဦး သေဆုံးပြီး ၁ ဦး ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ တအာင်း ဥပဒေအထောက်အကူပြုအဖွဲ့ တာဝန်ခံမိုင်းမျိုးအောင်အား လူသတ်မှုနှင့် လူသတ်မှုကို အားပေးကူညီမှု ပုဒ်မ ၃၀၂၊ ၃၀၇၊ ၁၁၄နှင့် ကားလိုင်စင်မရှိသဖြင့် ပို့ကုန်သွင်းကုန် ပုဒ်မ ၈ တို့ဖြင့် တရားစွဲဆိုထားပြီး မတ်လ ၉ ရက်နေ့တွင် မူဆယ်မြို့နယ် တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့သည်။ (Mizzima)

မတ်လ ၁၂ ရက်နေ့တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ နိုင်ငံတကာ ပါလီမန်များအဖွဲ့ ညီလာခံက အတည်ပြုခဲ့သော ရိုဟင်ဂျာအရေး ဆုံးဖြတ်ချက်များအား ကန့်ကွက်ပေးရန် အဆိုပါညီလာခံကို တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်ခေါင်းဆောင် တီခွန်မြတ်က လွှတ်တော်သို့ တင်ပြခဲ့သည်။ (7day)

## နိုင်ငံတကာဆက်ဆံရေး

မတ်လ ၅ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည်နှင့် ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူး ကိုယ်စားလှယ်တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပ သမဂ္ဂအကြား လူ့အခွင့်အရေးဆိုင်ရာ ကာကွယ် မြှင့်တင်ရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်အရေး ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ (7Day) (TheLadies) (Popular) (MOI)

မတ် ၆ ရက်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး မေခလာခန်းမ၌လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် European External Action၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ မန်နေးဂျင်း ဒါရိုက်တာ Mrs. Paola Pampaloni နှင့်အဖွဲ့မှ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်- မြန်မာ နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံဘက်မှ အဆင်သင့်ဖြစ်မှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံ ညှိနှိုင်း ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသော အခက်အခဲများ ညှိနှိုင်းနေမှုများ၊ ပြန်လည် လက်ခံရေး လုပ်ငန်းစဉ်တွင် ကုလ သမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ပါဝင်ဆောင်ရွက်ရန် အခြေအနေများစသည်တို့ကို ဆွေးနွေးခဲ့သည် (MOI)

မတ်လ ၇ ရက်နေ့ နံနက်ပိုင်း ၁၁ နာရီခွဲအချိန်ခန့်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိတို့ တွေ့ဆုံခဲ့သည်။ (SCOffice) (SCOfficeENG) (MOI) (MOI)

၁၅ ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး (15th ACDFIM) တက်ရောက်ရန် အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် စင်ကာပူ တပ်မတော် Paya LebarAirbase သို့ ရောက်ရှိရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဌေးအောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် စင်ကာပူတပ်မတော်မှ အရာရှိကြီးများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် The Fullerton ဟိုတယ်၌ နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် ဖိလစ်ပိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Rey Leonardo B Guerrer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim ဦးဆောင် သည့် ကိုယ်စားလှယ် အဖွဲ့ ဘရူနိုင်းတပ်မတော်ကာကွယ် ရေးဦးစီးချုပ် Maj. Gen. Pengiran Dato Paduka Aminan bin Pengiran Haji Mahmud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှား အမျိုးသားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Air Chief Marshal Hadi Tjahjanto ဦးဆောင် သည့် ကိုယ်စားလှယ် အဖွဲ့တို့နှင့် နိုင်ငံအလိုက်

သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါတွေ့ဆုံပွဲများတွင် တပ်မတော်နှစ်ရပ် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင် ရွက်ရေးနှင့် အပြန်အလှန် လည်ပတ်ရေး၊ တန်ပြန်အကြမ်းဖက်မှု နှိမ်နင်းရေးများတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပညာရပ်များ အပြန်အလှန်ဖလှယ်ရေးနှင့် သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ (TheLadies) (Irrawaddy) (MOI)

မတ်လ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဂျာမနီ အခြေစိုက် Konrad Adenauer Stiftung (KAS) မြန်မာဌာနေ ကိုယ်စားလှယ် Dr.Norbert Eschborn တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင် ရေးအတွက် ကျွမ်းကျင်ပညာရှင်များ လာရောက်၍ တွေ့ဆုံ အကြံဉာဏ်ပေးရေး၊ Transition Forum ထပ်မံကျင်းပနိုင်ရေး၊ ပြန်ကြားရေး ဝန်ကြီးဌာနတွင်းရှိ သုတေသန ဌာနကို လေ့ကျင့် ကူညီပေးရေးနှင့် စီးပွားရေး ရာ စာအုပ်ထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ (MOI)

မတ်လ ၈ ရက်နေ့တွင် Switzerland နိုင်ငံ Geneva မြို့၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ နှစ်ပါတ်လည်စည်းဝေးပွဲ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဦးသောင်းထွန်းက တက်ရောက်ခဲ့သည်။ (VOA) (RFA) (Frontier)

မတ်လ ၉ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် ၃ နိုင်ငံအကြား လျှပ်စစ်ဓာတ်အား ကုန်သွယ်ရေးအတွက် ဝန်ကြီးအဆင့်ဆွေးနွေးပွဲသို့ တက်ရောက် လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသား စွမ်းအင်အုပ်ချုပ်မှုဌာန၊ ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Li Fanrong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလား ဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တု အရင်းအမြစ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Tawfiq-e-Elahi Chowdhury, BB ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့ပြီး တွေ့ဆုံစဉ် မြန်မာ- တရုတ်-ဘင်္ဂလားဒေ့ရှ် ၃ နိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များ တိုးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ (StateCounsellor) (MOIENG) (MOI)

မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ၊ Japan Business Federation (Keidanren) ၏ ဒုတိယဥက္ကဋ္ဌ၊ Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌနှင့် Mitsubishi Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Ken KOBAYASHI နှင့် Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌ Marubeni Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Teruo ASADA တို့ ဦးဆောင်သည့် အဖွဲ့ဝင် (၃၀)ပါ ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍများတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်နှင့် စွမ်းအင် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင် ရွက် နိုင်ရေးအပြင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင် ၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြသည်။ (MOI) (SCOffice) (7day) (Popular)

မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohd Haniff Abd Rahman နှင့်အဖွဲ့အား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်မလေးရှား (၂)နိုင်ငံအကြား ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းစွာ အတူလက်တွဲဆောင်ရွက်နေ မှုများ၊ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသား အလုပ်သမားများ ဆိုင်ရာ ကိစ္စများ၊ ရွှေ့ပြောင်းလုပ် သားများအား ပြန်လည်ခေါ်ယူနိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများ၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသည့် ချင်းလူမျိုး အပါအဝင် အခြား တိုင်းရင်းသားများ ပြန်လည်ခေါ်ယူနိုင်ရေး နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက် မည့် ကိစ္စများ၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည် နေရာ ချထားရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို UEHRD စီမံကိန်းဖြင့် စနစ်တကျ ဆောင်ရွက်နေမှုများအား ဆွေးနွေးခဲ့သည်။ (MOI)

မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံJapan Business Federation (Keidanren)၏ ဒုတိယဥက္ကဋ္ဌ Mr. Ken KOBAYASHI နှင့် အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံ မှုများ အရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်အေး၊ ဦးဝင်းသိန်းဇော်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးဝင်းမြင့်အောင်၊ ဦးအင်ထုံးခါး နော်ဆမ်၊ ဦးမောင်မောင်ဦး၊ ဦးပေါခင်(ခ)ဦးသက်လွင်၊ ကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးထွန်းထွန်း၊ ဦးထွန်းမြင့်နှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့သည်။ (MOI)